
mgyoe.com SAMPLE BOOK



# နှင်းမှုန်ရည်ကြွယ်

ကဗျာများ

ဝင်းမြင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာတစ်ပုဒ်ဖတ်ရင်ကို ဒက်ခနဲ သိပြီး
ချက်ချင်းရတဲ့ ရသမျိုးကို ခံစားလာချင်ကြတယ် ထင်တယ်။
ဟိုအရင်ခေတ်များကလို စေ့စေ့တွေးမှ ရေးရေးပေါ်လာတဲ့
ကဗျာခံစားမှုမျိုးကို ရေးသူရော ဖတ်သူကြားမှာ
အထားအသို ပျောက်ဖျက်လာကြတယ်။
ကဗျာခပ်တိုတိုတွေ ပိုထိရောက်လာသလိုမျိုးပေါ့။
ချက်ချင်းသိ ချက်ချင်းခံစား
အချိန်အအားနည်းနည်းမှာ မြန်မြန် မြန်မြန် မြန်မြန်
မြန်သထက် မြန်လာမယ့် အာရုံတွေကြားမှာ
ကျွန်တော်ကဗျာရေးပါတယ်။

ဝင်းမြင့်
၁၉ ၁၁ ၂၀၂၃

9 248480 505467

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

နစ်ကာလများ
စာအုပ်အစီအစဉ် ၅၂၁

# နှင်းမှုန်ရည်ကြွယ်

ကဗျာစာအုပ်

**ဝင်းမြင့်**

နစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၁၁၉၄၈၊ ၀၉ ၇၄၀ ၉၇၉၃၉၃။
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

ဒီကဗျာစာအုပ်ဟာ ကဗျာဆရာ ဝင်းမြင့် ရဲ့ ကဗျာအသစ်တွေကို စုစည်းထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။
ထွက်ပြီးသမျှစာအုပ်တွေထဲ မပါဝင်သေးတဲ့ ကဗျာတွေ ဖြစ်ပါတယ်။

**ပုံနှိပ်မှတ်တမ်း**

နှင်းမှုန်ရည်ကြွယ်
ဝင်းမြင့်
ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၂၄။
အုပ်ရေ – ၆၀၀
တန်ဖိုး – ၁၀၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့်အဖုံးပုံနှိပ်** ဦးမြင့်ခိုင်၊ ထွန်းသစ္စာပုံနှိပ်တိုက် (၀၀၀၃၈)၊ အမှတ် ၁၉ စီ၊ ၅၅'လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံးဝန်းရိုးသစ္စာနီ၊ မျက်နှာဖုံးဒီဇိုင်းစိုးမင်းအောင်။ ကွန်ပျူတာစာစီသရဖီ။ စာအုပ်ချုပ်ကိုမြင့်။**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | စာမရေးသူ | ၁၅ |
| ၂။ | နှင်းမှုန်ရည်ကြွယ် | ၁၆ |
| ၃။ | နှင်းမှုန်ရည်ကြွယ် – ၂ | ၁၈ |
| ၄။ | လှိုင်းနုယဉ်ရင့် | ၂၀ |
| ၅။ | နှင်းမှုန်ရည်ကြွယ် – ၃ | ၂၁ |
| ၆။ | ဒိုင်ယာရီရီ | ၂၂ |
| ၇။ | နှင်းမှုန်ရည်ကြွယ် – ၄ | ၂၃ |
| ၈။ | နှင်းမှုန်ရည်ကြွယ် – ၅ | ၂၄ |
| ၉။ | ငွေကြယ့် ဘော်ကြယ် | ၂၆ |
| ၁၀။ | မိုးမွန်ခြင်း | ၂၈ |
| ၁၁။ | အညီရောင် | ၂၈ |
| ၁၂။ | သင့်ပြေပန်း | ၃၀ |
| ၁၃။ | နှင်းဆိမ့် | ၃၁ |
| ၁၄။ | သတိရတဲ့အခါ | ၃၃ |
| ၁၅။ | ရေပြင်ကျယ် | ၃၄ |
| ၁၆။ | တေးတစ်ပုဒ် | ၃၅ |


mgyoe.com

mgyoe.com SAMPLE BOOK

၁၇။ နှင်းမှုန်ရည်ကြွယ် – ၆ ၃၆
၁၈။ လွမ်းလို့ ရပါတယ် ၃၇
၁၉။ ကျောတစ်ခင်းစာ ၃၈
၂၀။ တိတ်တဆိတ် ဂီတ ၃၉
၂၁။ ရန့်တစ်ခု ၄၁
၂၂။ ထိခိုက်စရာတွေ ၄၂
၂၃။ ရှုခင်းတစ်ခု ၄၃
၂၄။ မျက်မှန်တစ်လက်ရဲ့ အာရုံ ၄၅
၂၅။ မြစ်ဖြတ်တံတားပေါ်က ဆောင်းည ကဗျာရှည် ၄၆
၂၆။ မပြောမပြီး နေ့ရက်များ ၄၇
၂၇။ နစ်မြုပ်သူ ၄၉
၂၈။ ဆန်းဒေး ၅၀
၂၉။ လက်ဖက်ရည်ဆိုင်နဲ့ နေ့များ ၅၂
၃၀။ တဲ ၅၄
၃၁။ အစာ ၅၅
၃၂။ ရေချမ်းစင် ၅၆
၃၃။ မျက်ရည်အခွံ ၅၇
၃၄။ ကော်ဖီဖျော်စက် ၅၈
၃၅။ ကိုယ်ထည်များ ၆၀
၃၆။ Country Love Poem ၆၁
၃၇။ အနုပညာရဲ့ လှောင်အိမ် ၆၃
၃၈။ လပေါ် ခြေချခြင်း ၆၄
၃၉။ ဟင်းလင်းပြင် ၆၅
၄၀။ သဲနာရီ ၆၆
၄၁။ စိတ်နဲ့ ကူးသူ ၆၇
၄၂။ နာမကျန်းခြင်း ၆၈
၄၃။ လေဝင်ပေါက် ၆၉

mgyoe.com

mgyoe.com SAMPLE BOOK

၄၄။ အိမ်အပြန် လမ်းများ ၇၀
၄၅။ နေရာဟောင်း၌ မျိုးသိပ်ခြင်း ၇၁
၄၆။ အစေး လောင်သူ ၇၂
၄၇။ ဆောင်းကြမ်း ၇၃
၄၈။ အဝါရောင် ဖြူစင်ခြင်း ၇၄
၄၉။ စကားစမြည် ၇၅
၅၀။ အများနှင့် ဆင်တူသော နေ့များ ၇၆
၅၁။ စီးကရက်များ ၇၇
၅၂။ မန္တလေး ၇၈
၅၃။ မြို့များ ၇၉
၅၄။ ယနေ့များ ၈၀
၅၅။ နွေနံနက် ၈၀
၅၆။ လမ်းမီး ၈၂
၅၇။ အရိုးသုံးရာ သီရိမာ ၈၃
၅၈။ ငှက်ပြပွဲ ၈၄
၅၉။ ပြန်စာ ၈၅
၆၀။ ထိုညနေ ၈၆
၆၁။ ကဗျာအံဝါ ၈၇
၆၂။ လွမ်းတဲ့ ဟာသ ၈၈
၆၃။ ရပ်ကွက် ၈၉
၆၄။ ဘယ်ဆီဘယ်ဝယ်များ ၉၀
၆၅။ စာချုပ် ၉၁
၆၆။ လမ်းမီး — ၂ ၉၂
၆၇။ မှန်ကလေး ၉၃
၆၈။ ညနေ ၉၄
၆၉။ လိပ်စာ ၉၅
၇၀။ စာသင်ခြင်း ၉၆

mgyoe.com

mgyoe.com SAMPLE BOOK


၇၁။ ရေစက်ဆုံရာ ၉၇
၇၂။ မေးခြင်း ၉၈
၇၃။ ဖြေခြင်း ၉၉
၇၄။ အရွယ်အစားများ ၁၀၀
၇၅။ သောင် ၁၀၂
၇၆။ လမ်းဟောင်း ၁၀၃
၇၇။ ကဗျာရေးခြင်း ၁၀၄
၇၈။ မြွေအရေခွံကဗျာ ၁၀၅
၇၉။ လွမ်းတဲ့ ဟာသ – ၂ ၁၀၆
၈၀။ မြေ ၁၀၇
၈၁။ ခြံထဲမှာ သီးပင်စားပင်လေးတွေ ပျိုး ၁၀၈
၈၂။ ကျပန်းများ ၁၁၀
၈၃။ ဒီအတိုင်းဆို ၁၁၂
၈၄။ လူသားများ ၁၁၃
၈၅။ ရှေးစကား အဝါ ၁၁၄
၈၆။ မိုးနတ်မင်းသို့ ၁၁၅
၈၇။ သစ်သားဘတ်စ်ကား ၁၁၆
၈၈။ ပြန်စာ ၁၁၇
၈၉။ ဓာတ်သိမ်းခန်း ၁၁၈
၉၀။ မိုးရေအောက်က မြို့ ၁၁၉
၉၁။ မျှခြေ ၁၂၀
၉၂။ နေ့အရောင်များ မှောင်ခြင်း ၁၂၁
၉၃။ အိမ်ကလေး ၁၂၂
၉၄။ အော်သံ ၁၂၃
၉၅။ သရဲရထား ၁၂၄
၉၆။ ဂစ်တာ ၁၂၆
၉၇။ ရေလမ်း ၁၂၇


mgyoe.com

mgyoe.com SAMPLE BOOK


၉၈။ မိုးနေ့တစ်နေ့ ၁၂၈
၉၉။ ပင်လယ် ၁၂၉
၁၀၀။ အထစ်အငေါ့ နည်းနည်း ၁၃၀
၁၀၁။ နွယ်သာကီလမ်းထောင့်က ဓာတ်တိုင် ၁၃၂
၁၀၂။ ရပ်ကွက်ကြီး တစ် ၁၃၃
၁၀၃။ ပိတ်ရက် ၁၃၄
၁၀၄။ မပြီးသေးခင် ကဗျာ ၁၃၅
၁၀၅။ တာဖံ ၁၃၆
၁၀၆။ ထိုင်ခုံတစ်လုံး၏ မျှော်လင့်ချက် ၁၃၈
၁၀၇။ နှင်းမှုန်ရည်ကြွယ် – ၉ ၁၃၉
၁၀၈။ ကျောက်မဲ ၁၄၁
၁၀၉။ အိမ် ၁၄၂
၁၁၀။ လားရှိုးမြို့ မေလ ဂီတ ၁၄၃
၁၁၁။ မြောက်ပြန်လေ ၁၄၄
၁၁၂။ ဇွန်လရဲ့ လရောင် ၁၄၅
၁၁၃။ နွေတစ်နေ့ ၁၄၆
၁၁၄။ တငွေ့ငွေ့ ၁၄၇
၁၁၅။ ဖလား ၁၄၈
၁၁၆။ သတိတရ ၁၄၉
၁၁၇။ ကြယ်ငှက် ၁၅၀
၁၁၈။ တိမ်တိုက် ၁၅၁
၁၁၉။ မနက်ဖြန်တုန်းက လှေကလေး ၁၅၂
၁၂၀။ ဝိညာဉ်လေး သစ်ရွက် ၁၅၃
၁၂၁။ ရွှေမျက်မှန် ၁၅၄
၁၂၂။ မြို့အမည် ၁၅၆
၁၂၃။ အမြစ် ၁၅၇
၁၂၄။ နေ့တိုင်း ၁၅၈


mgyoe.com

mgyoe.com SAMPLE BOOK

၁၂၅။ မိုးခေါင်ရေရှား ၁၅၉
၁၂၆။ ဆန်းဒေးကဗျာ ၁၆၀
၁၂၇။ ပိုက်ဆံ ၁၆၁
၁၂၈။ ဆရာချစ် ၁၆၂
၁၂၉။ လှပသော ဝါကျများ ၁၆၄
၁၃၀။ ငါ့ကဗျာ ၁၆၅
၁၃၁။ အက ၁၆၆
၁၃၂။ ကြေကွဲဆိုဖီ ၁၆၇
၁၃၃။ ရေမွေး ၁၆၈
၁၃၄။ မှတ်ချက်များ ၁၆၉
၁၃၅။ ဖြေဆေး ၁၇၀
၁၃၆။ အိပ်နေပြီ ၁၇၁
၁၃၇။ ကြေးဝါရောင် လ ၁၇၂
၁၃၈။ မျက်နှာဖြူ ၁၇၃
၁၃၉။ ဆန်းဒေးကဗျာ – ၂ ၁၇၄
၁၄၀။ မီးခိုး ၁၇၅
၁၄၁။ ရန့်ဖွဲခြင်း ၁၇၆
၁၄၂။ သက်သေ ၁၇၇
၁၄၃။ မျဉ်းစောင်း ၁၇၈
၁၄၄။ ဂျိုကာဝမ်း ၁၇၉
၁၄၅။ ကားဟောင်းလေး ၁၈၀
၁၄၆။ ခေါင်မိုးများပေါ် ၁၈၂
၁၄၇။ ဤလောက ၁၈၃
၁၄၈။ ခွေထောက် ၁၈၄
၁၄၉။ တမ်းချင်း ၁၈၅
၁၅၀။ လေပြင်းတွေနေ့ ၁၈၆
၁၅၁။ ကောက်စိုက်တေး ၁၈၇

mgyoe.com

mgyoe.com SAMPLE BOOK


၁၅၂။ အတုများနဲ့ အခွံထူခြင်း ၁၈၈
၁၅၃။ အေးဆေးလေးသို့ ၁၈၉
၁၅၄။ တစ်ရံရောအခါက ဝေဒနာများ ၁၉၀
၁၅၅။ တစ်နေရာ ၁၉၁
၁၅၆။ ပန်းပန်ခြင်း ၁၉၂
၁၅၇။ နံနက်ခင်း ၁၉၃
၁၅၈။ လမ်း ၁၉၄
၁၅၉။ စာရှည်တစ်စောင် ၁၉၅
၁၆၀။ ဝန်ချီစကဲ ၁၉၆
၁၆၁။ ဆွယ်တာထိုးခြင်း ၁၉၇
၁၆၂။ ပြတင်းပေါက်ရှေ့က ငှက်ကလေး ၁၉၈
၁၆၃။ အိမ်ခြံမြေ ၁၉၉
၁၆၄။ သင်ခန်းစာဟောင်း ၂၀၀
၁၆၅။ အသက်ကယ်နာရီ ၂၀၁
၁၆၆။ အဖျက်သမား ၂၀၂
၁၆၇။ မှန်ပေါ်က ကဗျာ ၂၀၃
၁၆၈။ အပျက်တွေထဲက ၂၁၀
၁၆၉။ ရာသီဦး ၂၁၁
၁၇၀။ အနက်ရောင်ကော်ဖီ ဖိတ်စဉ်ခြင်း ၂၁၂
၁၇၁။ ရွှေလိပ်ပြာ ၂၁၄
၁၇၂။ ရွှေချိန်ခွင် ၂၁၅
၁၇၃။ ကဗျာတရား ၂၁၆
၁၇၄။ ရွှေလရောင်နှင့် ဟောင်းသော နွား ၂၁၇
၁၇၅။ ခိုများ ၂၁၉
၁၇၆။ မပျော်တော့ဘူး ကဗျာ ၂၂၀
၁၇၇။ အရိပ်ရဲ့အရောင် ၂၂၂
၁၇၈။ ဆောင်းဦးပေါက် ၂၂၃


mgyoe.com

mgyoe.com SAMPLE BOOK


၁၇၉။ နတ်လမ်းညွန်း ၂၂၄
၁၈၀။ ဓာတ်သိမ်းအစ ၂၂၅
၁၈၁။ တံဆိပ် ၂၂၆
၁၈၂။ ခေါ်သံ ၂၂၇
၁၈၃။ တို့လောက ၂၂၈
၁၈၄။ ပင်လယ် ၂၂၉
၁၈၅။ အဝေးပြေးလမ်း ၂၃၀
၁၈၆။ ၂၀ ရာစု ကဗျာ ၂၃၁
၁၈၇။ အသစ်ဟောင်း ၂၃၂
၁၈၈။ ခုနစ်ရက်မြောက် လ ၂၃၃
၁၈၉။ ဓာတ် ၂၃၄
၁၉၀။ သတင်းများနဲ့ တစ်ဆင့်စကား ၂၃၆
၁၉၁။ အပြာရောင် ဆောင်းဦးပေါက် ၂၃၇
၁၉၂။ အဝေးက ငှက် ၂၃၈
၁၉၃။ စက် ၂၃၉
၁၉၄။ ချစ်စကား ၂၄၀
၁၉၅။ ရန်ကုန် – ၁၁ ၂၄၁
၁၉၆။ အကြည့်တစ်ချက်နောက်သို့ ၂၄၂
တကောက်ကောက် လိမ့်ကျခြင်း ၂၄၃
၁၉၇။ ပန်းခြံ ၂၄၄
၁၉၈။ နေ့တစ်နေ့ရဲ့ ပုံတူ ၂၄၅
၁၉၉။ ဝဋ် ၂၄၆
၂၀၀။ သစ်ပင်လမ်း ၂၄၇
၂၀၁။ အသံ ၂၄၈
၂၀၂။ စီးဝင်မှု ၂၄၉
၂၀၃။ ရေးလက်စ ၂၅၀
၂၀၄။ ဆောင်းခိုငှက် ၂၅၁


mgyoe.com

mgyoe.com SAMPLE BOOK

၂၀၅။ နေ့စွဲများ ၂၅၂
၂၀၆။ ကျိုးပြိုညများ ၂၅၃
၂၀၇။ လေအေး ၂၅၄
၂၀၈။ အို ... ဒီဇင်ဘာ ၂၅၅
၂၀၉။ လက် ၂၅၆
၂၁၀။ ကြယ်ကလေးသို့ ... ၂၅၈
၂၁၁။ ရယ်မိတယ် ၂၅၈
၂၁၂။ ရင် ၂၅၉
၂၁၃။ အခန်း ၂၆၀
၂၁၄။ လောင်ကျွမ်းအာရုံ ၂၆၁
၂၁၅။ နောက်ဆုံးလ ၂၆၂
၂၁၆။ သစ်ပင်ရဲ့ရေရိပ် ၂၆၃
၂၁၇။ မြေကြီးသို့ တမ်းချင်း ၂၆၄
၂၁၈။ တက္ကနိက အဖြေ ၂၆၅
၂၁၉။ မလာသေးတဲ့ လမ်း ၂၆၆
၂၂၀။ မြစ် ၂၆၇
၂၂၁။ သတင်းတွေ ၂၆၈
၂၂၂။ တည်နေရာ ၂၆၉
၂၂၃။ ပုဂံမြို့ဟောင်း တစ်နေရာ ၂၇၀

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

**စာမရေးသူ**

ရာသီဥတုကလည်း ဓာတ်လမ်းတွေ
တဖွဲဖွဲနဲ့
စာရေးဆရာလို့များ ထင်နေပြီလား

ဘောလ်ပင်လည်း မျက်ရည်ပဲ ထွက်တယ်
စာရွက်က မငိုနဲ့ ဆိုပြီး စ စုပ်ယူတယ်
ကပ်ကြီးသုံးပါး
ကျော်နင်းနိုင်ပါစေတော့ကွယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## နှင်းမှုန်ရည်ကြွယ်

အေးတော့
အိပ်မပျော်ဘူး
အစောကြီး
နေရောင်ဟာ ခဲပြီး
သစ်ရွက်ပေါ် ပေါလောပေါ်နေတယ်။

မျက်နှာသစ်လိုက်မှ
အိပ်မက် ဖျတ်ခနဲ ကောက်
တစ်စစီ
ညကျမှ ပြန်ဆက်ရမယ်။

မနေ့က
ရထားပေါ်မှာ ဝယ်လာတဲ့
အိပ်မက်ဖတ်နည်းနဲ့
မြည်းကြည့်တော့
ကိုယ့်ပင်လယ်က
ဆား များသွားပြီး
လေက သဲတရှပ်ရှပ်နဲ့
ကမ်းစပ်မှာ
တစ်ယောက်တည်း ငေးနေသတဲ့။

mgyoe.com

SAMPLE BOOK

သွားတိုက်ဆေးဘူးထဲမှာလည်း
အနွေးဓာတ်ကလေး
နည်းနည်းပဲ ကျန်တယ်။

သူ ပြန်လာရင်
မျှတိုက်ကြမယ်လေ။ ။

mgyoe.com

mgyoe.com


## နှင်းမှုန်ရည်ကြွယ်-၂

နှင်းတွေ
ခေါင်မိုးပေါ် တရှဲရှဲ
ရေကို ခဲအောင်
ချက်ပြုတ်နေတာလား။

မီးဖိုချောင်ထဲမှာ
မြောက်ပြန်လေဟာ
စားပွဲပေါ်မှာ
အငွေ့တထောင်းထောင်း
မြောက်ဘက် တောင်ကုန်းတွေဆီက
အလွန်အလျှင်အမြန် အငြေးသန်သော
တောင်ဆိတ်ရဲ့ ခြေထောက်လို
တစ်ချက် တစ်ချက် ထခုန်နေလေရဲ့။

နှင်းလူဟာ
ဂက်စ်မီးဖိုကို ဖွင့်
သူ့လက်ကို
သူ ပြန်ကင်ပြီး
ညစာစားပွဲဆီ
ယူဆောင်လာနေခိုက်

mgyoe.com

mgyoe.com SAMPLE BOOK

အို … ဆောင်းသဇင်
သင် ပန်ဆင်ချင်သော
ရေခဲတောင်ကြာပွင့်
နှစ်အသချေ စောင့်ခဲ့ရသမျှ
ဝတ်မှုန်ကူးခဲ့ပြီ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## လှိုင်းနုယဉ်ရှင့်

ကိုယ်က အမြဲ တိတ်တိတ်ဆိတ်ဆိတ်
နေချင်တယ်
ဒါပေမဲ့ လေယာဉ်ပျံတွေက
ကိုယ့်ခေါင်းပေါ်မှာ
မျက်ရည်တွေလို ဝဲနေတော့။

တံခါးခေါက်သံ ကြားရင်
နှလုံးသားတွေက ခေါက်နက်နက်မှာ
အသံမထွက်တော့လည်း သေနေသတဲ့။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## နှင်းမှုန်ရည်ကြွယ်–၃

တစ်မြို့လုံး
ကျောက်တုံးလို
ရေညှိတက် တိတ်ဆိတ်
တိမ်တွေ ပိတ်မိနေတဲ့ ပြတင်းပေါက်ထဲ
ချော်လဲနေတဲ့ လမ်းတွေ
ရေဒီယိုက ဘာစကားတွေ ပြောနေတာလဲ
မကြားရဘူး။

တယ်လီဖုန်း မြည်သံဟာ
အသက်ရှုနေသေးရဲ့။ ။

(ကွယ်လွန်သူ အစိုင်း .... သို့)

mgyoe.com

mgyoe.com SAMPLE BOOK


## ဒိုင်ယာရီရီ

ကျွန်တော့်ရဲ့ တနင်္ဂနွေ အားလပ်ရက်ဟာ
စီးကရက်သွားဝယ်ရင်း လမ်းမှာ မီးညှိလို့
ကုန်သွားခဲ့တယ်
ကျွန်တော့်ရဲ့ ငယ်ဘဝဟာလည်း
အဖေ့ဆိုင်ကယ် ကယ်ရီယာပေါ်ကနေ
ကျော်မတက်နိုင်ခဲ့တာ အမှန်ပါ
ကျွန်တော့် ရည်းစားဦးကတော့
စာတိုက်ပုံးထဲက ပြန်ကို ထွက်မလာတော့
ကျွန်တော့် ခြေအိတ်တွေထဲမှာ
ရန်ကုန်ဟာ လမ်းဖြတ်ကူးနေတယ်
ကျွန်တော် မီးပွိုင့်မိနေတုန်း
သူမက စိမ်းကားသွားတာ ခဏခဏ
သူတို့ ချိန်ခွင်ထဲမှာ
ကတ္တား ရှိတယ် ကံ မရှိဘူး
ပြုလုပ်သူ မရှိဘူး ခဏခဏ မိတယ်
ကျွန်တော့်ရဲ့ ကျဆိမ့်ပေါ်မှာ
ဒရုန်းတွေ
သူတို့ရဲ့ ယင်ကောင်တွေဟာ
အမြှုပ် တလက်လက်ထ ကြယ်လိုပဲ
တက်နင်းမိတိုင်း အော်တဲ့
ကလေးဖိနပ် အသံမျိုးနဲ့
အရမ်း ပုန်းကြောင်တယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## နှင်းမှုန်ရည်ကြွယ် – ၄

ရော့ ... နွေးသွားအောင်
ရေနွေးလေးတစ်ခွက် သောက်လိုက်ဆိုတော့
ပြန်မလာမှ သောက်မယ် တဲ့။

နောက်ဆိုတာ ကျိန်းသေပါ့မလား
အခုပဲ တို့မြို့ထဲ နှင်းတွေ ရောက်နေပြီ
မကြာမီ ဒီခွက်ထဲအထိ ရောက်တော့မယ်။

ရော့ ... သောက်
အခုလောက် ကျိန်းသေတာ
ဘာမှ မရှိဘူး
မင်း ပြန်လာရင် နှင်းတွေလည်း ရှိချင်မှ
ရှိတော့မှာ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## နှင်းမှုန်ရည်ကြွယ်–၅

ခြံစည်းရိုးရဲ့ အပြင်ဘက်မှာ
နှင်းတွေက စောင့်လို့။

မြို့တောင်ဘက်ဖျားမှာ
ပင်လယ်ကို ပြန်မရသေးတဲ့ တိမ်တွေက
ပုံလို့။

မျက်လုံးလေး မှေး၍ ဖွင့်ကြည့်သလို
ပြတင်းပေါက်တွေကို စေ့လို့
နှုတ်ခမ်းတွေကို စေ့လို့။

ဆေးပေါ့လိပ်ငွေ့တွေ ပြီးရင်
ဒုတိယမြောက် လွင့်မြောက်သွားချင်သူဟာ ဘယ်သူပါလဲ။

တံခါးတွေကို
လေက အမြဲ မေးတယ်။

ကမ်းစပ်က ကျောက်ဆောင်ကို
လှိုင်းက ဖြေခိုင်းသလိုပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ပြီးတော့ ခပ်ဖြည်းဖြည်း ပြန်လည်အုံ့ပျကာ
အေးစက်စက် မီးကို လှုံနေလျက်
အနက်အဓိပ္ပာယ်တစ်ခုခုကို ခြုံထားမြဲ။

မြေးတွေကတော့
ပုံပြင်ထဲက အကောင်ကြီးကို
အိပ်မက်ထဲမှာ ဆွဲနုတ်ကြသတဲ့။

မနက်ရောက်တော့
ပေါင်းမြက်တွေရဲ့ ကြားထဲမှာ
ခွေနေတဲ့ မြွေတစ်ကောင်။

ခွေးကလေးက ဟောင်လွန်းလို့
ထကြည့်ကြတယ်
မြက်ရိုင်းတွေ ရှင်းပြီး တူးဆွထားတဲ့
မြေကွက်လပ်တစ်ခုသာ တွေ့တော့တယ်။ ။

၃၁၊ ၁၂၊ ၂၀၂၁။

mgyoe.com

mgyoe.com

SAMPLE BOOK


## ငွေကြယ်ဘော်ကြယ်

အပြင်မှာ ငွေတွေက များတယ်
အပြင်မှာ ငွေတွေက ရှားတယ်

အိတ်ကပ်ထဲက စတုဂံရဲ့ သုံးနားညီ
တြိဂံထဲမှာ စက်ဝိုင်းပြားလေးကို
ငွေလို့ခေါ်ရင် လွယ်မလား

ထွက်ပြေးသွားတဲ့ အံစာတုံးတွေလို
ကိုယ်တို့ရဲ့ ပုံဆောင်ခဲတွေက
အရပ်မျက်နှာ တစ်ခုစီကို ဝယ်မလား

စီးကရက်ကို ခဲလို့
မျဉ်းကျားကို ဖြတ်လို့
မှတ်တိုင်မှာ ရပ်လို့
မိနီစကတ်ကို ဝတ်လို့
ကေကို ကော့စမက်တစ်နဲ့ သ,လို့
တရှန်းရှန်း ဝေအောင် ဆွတ်လို့
လက်ဖဝါးကို ငွေစက္ကူအဖျားနဲ့
တဖျပ်ဖျပ် ရိုက်လို့
ကားတံခါးကို ဆောင့်ပိတ်လို့

mgyoe.com

mgyoe.com
SAMPLE BOOK


ဖြတ်လမ်းက ပြန်လာခဲ့သူနဲ့
နယ်ခြားက မျဉ်းကို ဖြတ်ခဲ့သူနဲ့
မြေကြီးကို ကုတ်ကပ် တွယ်ချိတ်နေသူနဲ့

အဆင်ပြေရင် မီးပုံးပျံ လွှတ်ကြမယ်
အောင်မြင်ရင် အလံ တက်ချိတ်ကြမယ်
သိပ်ကိတ်တယ်ပြောတဲ့ ဟိုမမကြီးကိုလည်း
ချစ်စကား ကြိုက်စကား
လိုက်ပြောရမယ်

ငွေလည်း အရေးကြီးတယ်
အချစ်လည်း ဈေးကြီးတယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## မိုးမှုန်ခြင်း

ကြောင်ဝါတစ်ကောင်ပုံ
ထည့်ဆွဲထားတဲ့ မြင်ကွင်းထဲကို
နည်းနည်းလောက် ထစ်အ,နေတဲ့
လှေကားက တစ်ဆင့်
မိုးတိမ်တွေ တွန်းချလိုက်တော့
တလိမ့်ခေါက်ကွေး ဆွေးမြည့်နေရတဲ့ ရေပြင်
နေညိုချိန်တွေ ထိုင်ခုံမှာ တင်ထားပြီးလို့
လှမ်းကြည့်ပေးပါ။

မြောက်ပြန်လေထဲမှာ
ပုံဟောင်းတွေ ပြန်တင်ထားတဲ့ သူမရဲ့
စွန်ကလေးဟာ နှင်းတွေစိုပြီး ငိုနေတယ်။

ချိုးချိုးချွတ်ချွတ် ရယ်သံတစ်ခု
ချုံသံပါအောင် ရယ်မောခြင်း

အနားကွပ်ထားတာတောင်
အပြင်ကို လျှံထွက်နေတဲ့ တိတ်ဆိတ်မှု။

ပြီးတော့ ခပ်ဖွဖွ ကျီးပြိုသံများ။ ။

mgyoe.com

m g y o e . c o m SAMPLE BOOK


## အညိုရောင်

ငါ့မှာ အညိုရောင် ဝါကျတစ်ကြောင်း
ရှိတယ်။

သုံးမိနစ် နောက်ဆုတ်ထားတဲ့ နာရီတစ်လုံးဟာ
နံရံကို ကန်ထုတ်ပြီး ရှေ့ကို ပြုတ်ကျလာတော့
ဗာဒံရွက်တွေ ကြွေနေကြောင်း
သတိထားမိတယ်။

ဓာတ်တိုင်းမှာ မီးသီးတစ်လုံး ကွဲနေတယ်။
သူ့ကို ကျီးတွေက ဝိုင်းတိုင်ကြတယ်။
ကုန်ထုတ်လုပ်မှု နှစ်ဆနဲ့ ရောဘယ်လောက် ရောရမှာလဲတဲ့။
ဖြူဖပ်ဖပ် ကောင်းကင်ကို ကြည့်ပြီး
ကြက်ဥအကာကျက်တစ်လုံး မှာလိုက်ပေါ့လို့
ပြောလိုက်တယ်။
လေထဲမှာ သကြား ရှိတယ်လေ။
အညိုရောင် သကြားပေါ့။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## သပြေပန်း

ဆန်းလသော်တာနှင့်
ငွေတစ်ရာကျပ် ကဲ့သို့။

အခု ပေတစ်ရာပေါ်မှာ ကပ်နေတဲ့
ကိုယ်ယောင်ကိုယ်ဝါလှလှ ဘူးခွံထဲက
ကံကို ယုံစမ်းပါ အတိတ်ဝေဝါးဝါးနဲ့
အာရုံအထပ်ထပ် မြည်းစမ်းခြင်း။

လောကရဲ့ ဖြတ်လမ်းမှာ ရပ်ကျန်ခဲ့သူ
မေ့ဆေးများနဲ့ မြူပ်နှံ မြေလှန်ချင်ခဲ့သူ
ခပ်ယိုင်ယိုင် သူ့ရဲကောင်းပေပဲ။

အကြွေ ပြန်အမ်းမနေပါနဲ့တော့
အကြွေ ပြန်အမ်းမနေပါနဲ့တော့။ ။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

## နှင်းဆီမှူ

ဂိုးသွင်းရင်တောင်
ဘောလုံး ပိန်ပေါက်သွားမှာစိုးလို့
ဖြည်းဖြည်း ကန်သွင်းခဲ့တဲ့ကောင်
ထောင့်ကို လှိမ့်သွင်းလိုက်မယ်
ပြောပြီးမှ ကန်တတ်တယ်။

ပွဲပြီးခါနီးအချိန်ကျရင်
နာကျင်အချိန်ပို မလိုချင်ဘူး။

အခုတော့ မြို့ပြင်မှာ
နှင်းဆီတွေ စိုက်နေပြီး
ဆူးတွေပဲ ပွင့်သေးတယ်တဲ့။

မြို့ပေါ်က
ဖွင့်ပွဲ ဓာတ်ဘောလုံးတွေ
အခင်းပေါ်ကျလာရင်
နှင်းဆီတွေ တဖောင်းဖောင်းနဲ့လို့
ဆိုပြီး ကွမ်းတံတွေးကို

mgyoe.com

mgyoe.com SAMPLE BOOK

ဗျစ်ခနဲ ထွေးထုတ်
နောက်ထပ် ကွမ်းတစ်ယာ
ပါးစောင်ထဲ ထပ်ထည့်ပြီး
ကြိတ်ဝါးတယ်။

အရင်က
ဆေးလိပ်တောင် အနံ့မခံတဲ့လူ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## သတိရတဲ့အခါ

စာအုပ်ထဲမှာ
ငါ ရေးမထားတဲ့ စကားလုံးတွေ
ပျောက်နေတယ်။

တဖြည်းဖြည်း ပြန်ပြေးကြည့်တော့
အတိတ်ထဲမှာ ပြေးပေါက်ပိတ်သလို
သစ်ရွက်တွေ မနိုးခင်
ခြောက်သွေ့ မြေနီလမ်းကလေးကို
ချိတ်ဆွဲထားတယ်။

လှည့်မကြည့်မိဘူး
မှန်ထဲမှာ တိတ်ဆိတ်တဲ့ ပုံရိပ်
ဘေးမှာ အိပ်မပျော်သေးတဲ့ သစ်ကိုင်းနဲ့
မရှာဘဲ ထွက်ကျသွားတဲ့ မိုးသားတွေ ညှို့လို့
ဖိနပ်ကို ချွတ်ထားခဲ့တယ်။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## ရေပြင်ကျယ်

ဟောင်းနွမ်းနေတဲ့ ကိုယ့်ရဲ့ရေပြင်ကို
အသစ် လဲချင်လို့
အပေါ်ယံကို လှာထုတ်ပြီး
ဖြည်းဖြည်းချင်း တိမ်မြုပ်လိုက်ရုံပဲ
ရှိသေးတယ်။

ရေထဲမှာ မင်းရဲ့အရိပ်ကို တွေ့လို့
ငုပ်ကြည့်တယ်
ရေက လှုပ်တော့ ပွေ့ဖက်လို့ မရဘူး
ပြန်လွှတ်ချထားခဲ့ရတဲ့အကြိမ် များစွာ။

အလင်းဟာ ယိုင်တယ်
ကမ္ဘာက စောင်းတယ်
ကိုယ်ကတော့ တည့်တည့်ပဲ လျှောက်တယ်
မရောက်ရင် လာခေါ်ပါဦး
ကြယ်ကလေး။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## တေးတစ်ပုဒ်

နာရီသံတွေဟာ
နေ့ညများနဲ့
ယောင်ဝါးခဲ့တယ်။

ကြောင် ဖြတ်ပြေးတယ်
လမ်းမီးများနဲ့ စိမ်းလာတယ်
တိတ်ဆိတ်စ ပြုလာတဲ့ မြို့ကို
ဖန်ခွက်ထဲ မိုးတွေ သွန်ချလိုက်သလို
တိမ်တွေ
အပြည့် ငုံ့ပြီး မှိုးခနဲနေအောင်
မှိုချလိုက်တယ်
သတိမရပါနဲ့။ ။

mgyoe.com

m g y o e . c o m

SAMPLE BOOK


## နှင်းမှုန်ရည်ကြွယ်-၆

အခု တစ်ဆောင်း
မြောက်ဘက်က တိမ်တွေ
မရွေ့တော့ပုံက
နေရာတကျ
အထိုင်ရသွားသလိုပဲ။

မြို့မှာ
အနေကြာလာတဲ့
နှင်းတွေလို
အေးပြီး
မပြတော့ပါတယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## လွမ်းလို့ရပါတယ်

တောင်ကြောပေါ်က လှမ်းကြည့်တော့
ကားလမ်းတွေက ကျဉ်းကျဉ်း သေးသေးလေး။

တောင်ကြားက
ချောင်းကလေးရော ... တဲ့

လင်းလက်ရှံပေါ့။

လေတိုးလို့ ပိတ်ထားတဲ့
ရောင်စုံ မှန်တံခါးတွေကရော ... တဲ့

စိတ်ကူးနဲ့ ဖွင့်ကြည့်ရုံပေါ့။

ဒါဆို တောပန်း တောင်ပန်းကလေးတွေနဲ့
ပျော်ခဲ့ရတဲ့
ကလေးဘဝကရော ... တဲ့

အခု တောလမ်းတောင်လမ်းထဲ
မျှော်နေတတ်တဲ့ လူကြီးလေ ... တဲ့

လွမ်းရပါတယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## ကျောတစ်ခင်းစာ

အနုပညာရဲ့ နုပျိုမှုဒဏ်ကို
ခံစားနေရတုန်းက
ဆေးစာမှာ ကဗျာတွေပဲ ရေးပေးလိုက်တယ်။

အချစ်ရယ်
ဖြည်းဖြည်း သေပါတဲ့။

အနားမှာလည်း အလောင်းတွေနဲ့။ ။

mgyoe.com

mgyoe.com SAMPLE BOOK


# တိတ်တဆိတ်ဂီတ

ဒီတစ်ဆောင်းတွင်းလုံး
ဘာတွေ လုပ်နေလဲ
လက်တွေ့ကျကျ
လက်ကလေးလည်း
အပြင်မထွက်တော့ဘူး။

နှုတ်ဆက်တတ်တဲ့
ပြတင်းတွေက
ဂျက်ထိုးလို့

နှုတ်ဆိတ်နေမြဲ
လမ်းကလေး
လမ်းထဲ ပြန်ပြန်ပြေးတယ်။

မိတ်ဆွေရေ
အိမ်ထဲမှာ
လူ မရှိဘူးလား
သတင်းစာတွေ
ခဏခဏ ရောက်လို့
ခြံပေါက်မှာ
လေ လိုက်ကောက်တုန်း
သစ်ကိုင်းခြောက်တွေနဲ့
ရနံ့ဟာ တိတ်ဆိတ် ညှိုးရော်နေတယ်။

mgyoe.com

mgyoe.com


ခြံထောင့်မှာ
မပြုံးပြတော့တဲ့
မန်ကျည်းပင်ကြီး
မသီးတော့လည်း
မှတ်တမ်းများအရ
ချဉ်တယ်။

အရိပ်ကို လှမ်းဆိတ်တတ်တဲ့
တံစက်မြိတ်တွေ
မပြင်ဘူးလား
ရေမြောင်းထဲ
အမှိုက်တွေ တင်ပြီး
အော့အန်လို့
ခြံစည်းရိုးက
ချောင်းဟန့်သံ ပေးတယ်။

တခြားလမ်းတွေ
ဝင်းဝင်း ငံနိလို့တဲ့
ဆိုင်းဘုတ်ကို
ဖောက်ထိုးချိတ်
ဒီအတိုင်းဆို
မျက်ရည်လည်း
အပြင်မှာ တိတ်လို့ မရ
အုတ်ခုံမှာ
ပန်းတစ်စည်း ဆိုညည်းတယ်။ ။

mgyoe.com

mgyoe.com  SAMPLE BOOK 

## ရန့်တစ်ခု

ကျွန်တော်က
သိပ်ပြီး လွမ်းဆွတ်လို့ မဖြစ်ဘူး
စက္ကူပန်းရုံပါ။

ဒီတော့
ပုံပြင်ထဲက ပြေးနေတဲ့ လိပ်သူငယ်ပေါ့
ဇာတ်တော်ထဲက နှောင့်ယှက်တဲ့
ချောင်းပြင်ကျယ်ပေါ့။

ဪ ... နွေခေါင်ခေါင်
မိုးခေါင်ခေါင်များပေပဲ။

လေထဲမှာ ရန့်တေးသွား မရှိ
အရိပ်မှာ အရောင်ဆိုးသွားပါလေ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## ထိခိုက်စရာတွေ

မပျော်တာတွေနဲ့
ရေတွေ ခဲပေါ့။

နေ့တွေနဲ့ စိတ်ကို ပြန်ကပ်မိတော့
တစ်လ ကျော်လွန်ခဲ့
ထားရစ်ခဲ့ရပြန်တယ်။

ကြာသပတေးနေ့လိုပဲ
ခြံထဲမှာ ငါတစ်ယောက်တည်း ထိုင်နေရင်း
ကျောက်ခဲနဲ့ ဟိုးအဝေးကို
လှမ်းပစ်လိုက်တယ်။

မထိပါဘူး
ထိမှာ မဟုတ်ပါဘူး။ ။

mgyoe.com

mgyoe.com


## ရှုခင်းတစ်ခု

ပုံမှန် တစ်ခွက်
ဆေးပေါ့လိပ်က မီးပိတ်လို့ မရ
နေ့ထဲ ခုန်ချနေပုံများနဲ့ လူပုံများ
တိမ်ကောလာတယ်။

ခိုတွေက မြင်တဲ့အတိုင်း
လမ်းပေါ်မှာ ယောင်ကိုင်းလို့
ကျီးတွေက တေးပြုနေကြတယ်။

အာရုံ မစိုက်မိအောင်
မြေကြီးကို ဦးခေါင်းနဲ့ စိုက်ထားရ။

နားက
မျက်စိနဲ့ ကွယ်ထားရတယ်။

ပါးစပ်ကို
ဆေးလိပ်က လွယ်ထားသလိုမျိုး။

mgyoe.com

mgyoe.com
SAMPLE BOOK


လမ်းတွေက လဲမှိုလို လွင့်ပြီး
မနက်ဖြန်တွေထဲမှာ လဲမှိုခွံတွေ
ချိတ်ဆွဲပြသ
ပွဲတော်က ခြစည်းရိုးထဲမှာ
ဖွက်ထပြီး လာစဉ်တယ်။

မြင်ကွယ်ကျယ်
ပိတ်ပေါ့။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## မျက်မှန်တစ်လက်ရဲ့အာရုံ

အပြင်ထွက်ရင်
မျက်မှန် မမေ့ဖို့။

အကြည့်တွေ အကြားတွေ မေ့
အစားတွေ အသွားတွေ မေ့လို့
အခန်းကလည်း အခန်းမှာ
မတွေ့ချင်တော့

လမ်းမှာ တွေ့ရင်
မျက်နှာပုံ ခံစားမှုမပါတဲ့
ဟာလာဟင်းလင်းတစ်ခု
အသက်ရှူခွင့် ပြုပါ။ ။

mgyoe.com

mgyoe.com SAMPLE BOOK

## မြစ်ဖြတ်တံတားပေါ်က ဆောင်းည ကဗျာရှည်

တံတားက ပြီးနေပါပြီ
နှင်းမြူတွေ ပိတ်ဆို့နေတော့
မြစ်တစ်ဖက်မှာ
ကဗျာကို ရပ်ထားလိုက်ရတယ်။

စာအုပ်ကို ပြန်မပိတ်မိဘဲ
အိပ်ပျော်သွားလိုက်တာ

ဒီည ကဗျာတွေ ပြန်မလာဘူး
ထင်ခဲ့တာပါ။

ဟော ... အခု အခန်းတံခါး အပြင်မှာ
မြစ်ဖြတ်တံတားပေါ်က ဆောင်းည
ကဗျာရှည်ဟာ ရောက်နေတော့တာ။ ။

mgyoe.com

## မပြောမပြီးနေ့ရက်များ

ခြေချမိတိုင်း
သဲထဲ ရေသွန်ချည်း။

ဖုန်တွေ ထူထပ်လွန်းတော့
နွံနစ်တာနဲ့ ပွဲ့ရှုတာနဲ့။

ဩော် ... တစ်နေ့ တစ်နေ့ ငါလည်း
မီးပုံးပျံပဲ လွှတ်နေတော့မယ်
သက်လား။

ကယ်မယ့်သူ ရောက်လာပြီး
ကောက်ကိုင်လိုက်ရင်
ကွေးသွားမယ်ဆိုတဲ့ စိတ်မူမမှန်မှုနဲ့
အကြောအခြင်တွေ တက်တယ်
ငှက်တွေ ပျက်ကျတယ်။

ဆက်ရက်ကို
ချိုး ထင်တယ်။

ငါ လွှတ်တင်မိတာ
မှားသလား။

mgyoe.com

mgyoe.com SAMPLE BOOK


တစ်လမ်းမလုံး
သူတို့ချည်း သီးတယ်။

တစ်ရက်ကို
၂၄ နာရီလို့ ငါ လိမ်ပြောခဲ့ရတယ်။

အဲဒီလို ဇာတ်ဝင်ခန်းတွေနဲ့
ညာဘက်ပါးကို အနမ်းခံလိုက်ရတယ်။

အနံ့ခံ ခွေးတစ်ကောင်ရဲ့
ကြောင်အိမ်ထဲက အနုပညာပေါ့။

တိမ်တွေလို
ပျစ်ခဲခဲနဲ့ ရာသီတွေထဲ
ကွေကွင်းနေလိုက်ကြပုံ။ ။

mgyoe.com

# နှစ်မြှုပ်သူ

မှန်တံခါးတွေမှာ
ကြက်ခြေခတ် အမှတ်အသားများနဲ့။

နံရံက
ဝေးကွာခြင်းကို သိမ်းဆည်းပေးတယ်။

အပြင်မှာ
လပြည့် လကွယ်
အခန်းမှာ အမှောင်က ပိုကျယ်တယ်။

ရှော့ဖြစ်နေတဲ့ ဓာတ်ကြိုးတန်းက
မင်းအသံနဲ့ ငါ့အမည်ကို လှမ်းခေါ်လိမ့်မယ်။

မထူးဘူး
မထူးဘူး
မထူးတော့ပါဘူး။ ။

mgyoe.com

mgyoe.com

SAMPLE BOOK


## ဆန်းဒေး

မြို့က
ပိုမို ပိတ်မှောင်ပြီး အုပ်ခဲနေတော့
တစ်ခန်းနဲ့ တစ်ခန်းလည်း
မမြင်ရဘူး
လှမ်းခေါ်ရင် အိမ်အောက်မှာပဲ
အကြာကြီး ပျံ့နေတယ်
ပြီးမှ ဘေစင်တွေထဲကို ပျောက်သွားတယ် လက်သွားဆေးရင်
တစ်ချက် တစ်ချက် ပြန်အော်တယ်
သစ်ကိုင်းခြောက်တွေက တွန့်လိမ်ပြီး
အဝင်လမ်းတွေဘက်က တက်လာတယ်
အရွက် မထွက်တော့ဘဲ ပြတင်းပေါက်တွေထဲမှာ
ဆက်ရှင်နေကြတာ မီးသွေးလိုပဲ
မီး
ရထားတစ်စင်းဟာ
နေ့စဉ် အနောက်ဘက်က ထွက်လာပြီး
နားထဲကို ဝင်သွားတယ်
ဘယ်သူမှ မတွေ့လိုက်ရဘူး
လူတွေ စကားပြောပုံကလည်း
ရထားသံအတိုင်းပဲ
တိုက်လှေကားတွေပေါ်က
ရှေး လက်နှိပ်စက်သံလိုမျိုး

mgyoe.com

mgyoe.com

SAMPLE BOOK


ဆင်းဆင်းလာပြီး
အရိုးတွေ ဝယ်တယ်
ဈေးလည်း မမေးဘူး
ပေးလည်း မပေးဘူး ပြောကြတယ်
တဖြည်းဖြည်း တိတ်ဆိတ်လာပြီဆို
ဘာတွေ လွတ်ကျမှန်း မသိတဲ့
ဘယ်ကမှန်း မသိတဲ့ သစ်ရွက်တွေလို
တေးသံကြီးထဲက သေးနံ့တွေ ရတယ်
တစ်လမ်းနဲ့ တစ်လမ်း
ဖြတ်ကူးနေတဲ့ မီးနီထဲမှာ
စိမ်းလာလိုက် ဝါလာလိုက် ဝါးသွားလိုက်
ခုံးကျော်တံတားကို ကိုက်နေတဲ့ အမှောင်က ကွယ်ထားတော့
အဲဒီဘက်က မမြင်ရဘူး
အဲဒီနေ့ တစ်နေ့ဟာ မဖြစ်မနေ ကုန်သွားပြီ
ဆိုမှ
လူတွေ ခေါင်းထောင် ထကြည့်
ဖီးလိမ်းပြင်ဆင် ခြယ်သပြီး
အဆောက်အအုံဟောင်းတွေထဲမှာ
သွား ပြန်ဖျက်ပစ်ကြတယ်
တစ်နေကုန်ပဲ
မူလ အသားအရောင်လည်း ပြန်ဖြစ်သွားကြတယ်။ ။

mgyoe.com

mgyoe.com


## လက်ဖက်ရည်ဆိုင်နဲ့နေ့များ

ပျင်းရိဖွယ် ရွဲ့စောင်းနေတဲ့ ဆောင်းရက်တချို့ဟာ
လက်ဖက်ရည်ဆိုင်
နံရံကို မှီရင်း စီးပျော်ကျနေပြီး
တဖြည်းဖြည်း ကြမ်းခင်းပေါ်က ခြေထောက်တွေအထိ
မီးခိုးတွေ အူနေတယ်။

မှာထားတဲ့ လက်ဖက်ရည်လည်း အငွေ့ပျံပြီး
ဘယ်ပျောက်သွားတယ် မသိ
အသံကြားလို့ ငုံ့ကြည့်တော့ နာရီသံဟာ
အရိုးဂေါင်ဂင်နဲ့ ခွက်ထဲကို တဒေါင်ဒေါင်
တဒင်ဒင် ထည့်ခလောက်နေတာ
ဗွန်းက ကွေးကောက်လို့။

ဘေးနားက ပန်ကာဟာ
ရပ်လိုက် လည်လိုက် အကြိမ်ကြိမ်ပဲ
ချွေးတွေလည်း ထွက်နေတာ မနည်းဘူး။

ကျွန်တော့်ခြေထောက်ကို ရှန်းထွက်ကြည့်တော့
ဖိနပ်က တံလျှပ်တွေအောက်မှာ ပိနေသေလို
ပျင်းရိနေတဲ့ ခြေအိတ်ဟာ သွားရည်တပေါက်ပေါက် စိမ့်ယို
ချုပ်ရိုးပြသံလိုလို ညည်းညူနေရင်း
လှုပ်ပြတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖိနပ်ကို ထားခဲ့ပြီး အပြင်ထွက်လာတော့
ကျွန်တော့်အရိပ်ကို စားပွဲထိုးလေးက
ကောက်သောက်လိုက်ရင်း စားပွဲပေါ်က
သီချင်းတွေကို ခုံအောက် တွန်းချပစ်လိုက်တဲ့အခါ
စားပွဲအောက်က မြူတွေကြား
သီချင်းတွေ တိုးတိတ်သွားတာ သဲတရှပ်ရှပ်နဲ့။

ဆိုင်ပြင်ကနေ ကျွန်တော့်ကျောထဲ ကြားမိတာက
ခုံဆိုင်ရှင့် အော်လိုက်တဲ့
သတင်း လာပြီဟေ့။ ။

mgyoe.com

mgyoe.com SAMPLE BOOK


# တဲ

ခေါင်မိုးမှာ
ကြယ်တွေ ထိုးထားခဲ့။

မိုးလာရင်
ရုပ်လိုက်ဦး။

ကဲလားမှာ တိမ်တွေ ကပ်။
မိုးက ကျပ်နေမယ်။

မိုးပက်တော့ ရေတံခွန်
လေဝင်တော့ ဟင်းလင်း
နေပြင်းတော့ သွေးဆူလွယ်။

ရေနွေးပူပူ
မှုတ်သောက်ရင်း
ကောက်ညှင်း တစ်ဇလုံပါ
ဆေးမြစ်စုံနဲ့ မလဲပေါ့ မင်း။ ။

mgyoe.com

mgyoe.com SAMPLE BOOK


# အစာ

အခုတလော
ကြောင်ပုံ ဆွဲတာ
အလွယ်ဆုံးပဲလို့ ကြားရတော့။

တစ်နေ့လုံး ဝလုံးကို ဆူးတပ်ပြီး
မွန်းတည့်ချိန်တွေ လုပ်တတ်လာတယ်။

မှတ်တိုင်မှာ
လူပျောက်ကြော်ငြာကို ဖတ်နေတုန်း
အခု ပျောက်နေတာက ကားလို့ ပြောတယ်။

ဗိုက်ထဲမှာ အစာမရှိဘူး
မြို့ကြီးကလည်း မီးခိုးတိတ်ပါပဲ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


**ရေချမ်းစင်**

မမေ့လည်း
သတိ ထပ်ရပါတယ်။

မမောလည်း
ခဏ နားပါဦးမယ်။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## မျက်ရည်အခွံ

မင်း မွေးထားတဲ့ ငှက်တွေ
အကုန် ပြန်လွှတ်ပေးလိုက်ပြီ။

မင်ငိုချင်တာနဲ့
မျက်ရည်ဆိုတာ
တိတ်ဆိတ်တဲ့ သန်းခေါင်ယံကြောမှာ
တဖြည်းဖြည်းချင်း ထွက်ရတဲ့ လအနက်မျိုး။
တိုးတိုးလေး ရေးထားတဲ့
လိပ်စာမဲ့ စာတွေ။

မျက်ရည်ကို
ငှက်တွေနဲ့ မဖမ်းပါနဲ့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## ကော်ဖီဖျော်စက်

ကျွန်တော်တို့ မြို့ရဲ့ ကော်ဖီမစ်တွေ
အထုပ်ကို ဖွင့်ပြီး တစ်မှုန်မကျန်အောင်
ခါချလိုက်တဲ့အခါ
မြေပြင်မှာ နှင်းတွေ ပူနွေး ပြင်းရှလာတယ်။

ခါးသက်သက် အရောင်နဲ့
မြို့ရှောင်လမ်းဘေးအထိ
အရသာရှိရှိ အိတ်ခွံများရဲ့
တွန်းကန်အားက
နေ ဘယ်အရပ်ကို ထွက်မလဲလို့တောင်
သူ့ကိုယ်သူ ချောင်းကြည့်နေသေးတော့။

စက်လည်ချောင်းတွေလည်း
မီးခိုးခေါင်းတိုင်တံဆိပ်ကို
ပင်နီယံတွေ မအိပ်အောင် တမျှင်းမျှင်း
တစ်ကျိုက်စီ ဆွဲငင် ရေနွေးငွေ့အင်ဂျင်
တစ်ခွက်လို ရနံ့ပြင်းပြင်း ထူထူထဲထဲ။

mgyoe.com

mgyoe.com SAMPLE BOOK


သူ အပိုဆောင်ထားသေးသတဲ့
နေ့ အိပ်ချိန်တွေ ဝင်ရိုးကြောင်နေပြီး
ညောင်းညာကိုက်ခဲမှု လီဗာဖြုတ်ထား
ရတဲ့အခန်း စက်ခန်းခလုတ်လို
တစ်ထုပ်တလေ။

ကောဘယ်လ်ကြိုးတွေ
စစ်ဆေးရန်အတွက်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


# ကိုယ်ထည်များ

သံကိုယ်ထည်တွေအပေါ်
သံစ်ရွက် ဆွေးရသလိုပဲ
ငှက်ချေးတွေကလည်း
တစ်မြို့လုံးအနှံ့ ဆူညံတယ်။

ကျပ်နေတဲ့ အဝတ်ကို
ချုပ်ရိုးဖြုတ်ပြီး ဆောက်လက်စတွေ
လမ်းမပေါ် ကျယ်လောင်လာ။

သော့ထဲ ရေက ဝင်လို့ သံချေးတွေ
နာရီကို လာစဉ်တဲ့ နေရောင်ဟောင်းမှာ
မျိုချ ထွေးထုတ် အံချိန်ရဲ့
အလောင်းက အသက်ရှူဖို့ လုပ်နေတယ်

တစ်ခုခုဆို ပေါ်လ်စေးဇန်း*ကို ဖုန်းဆက်
သူ့ရှခင်းတွေ လာပို့လိမ့်မယ်။ ။

* Paul Cezanne

mgyoe.com

mgyoe.com SAMPLE BOOK


## Country Love Poem

ကိုယ် မင်းရှေ့က ပျောက်သွားတဲ့ နေ့ဌတွေမှာ
မြင်းတွေနဲ့ သွားပြိုင်တာပေါ့
ဒါပေမဲ့ ကိုယ့် မျောက်တွေကို နိုင်လာတယ်
ဆုတံဆိပ်တွေက ခြစည်းရိုးတွေပဲ
အဲဒီအပေါ်ကို ကောက်ရိုးနွယ်တွေ တွယ်
တက်လာတော့ ဒီပြတင်းပေါက်နားမှာ
မင်းလည်း မရှိတော့ဘူး မြင်းချည်တိုင်
နားက လှည်းဟာ လှည်းဦးဒေါက် ပြုတ်ပြီး
ရှေ့ကို စိုက်ကျနေတာ ကိုယ် မူးပြီး
ခေါင်းမထူနိုင်တော့တဲ့ ပုံစံမျိုးပဲ သစ်သားစည်
ပေါ်မှာ ရေတွေလည်း ရွှံနစ်လို့ ရေဒီယိုက
တစ်ခုခု ပြောကြားဖို့ အားယူနေဟန်နဲ့
ဓာတ်ခဲအားကုန်ပြီး ညည်းညူနေသံနဲ့
ကိုယ့်ကို လှမ်းခေါ်လိုက်သေးလား
အားလုံးက ကြားလိုက်ပါတယ်တဲ့
မင်း ပြန်သွားပြီဆိုတာ သိလိုက်ပါတယ်
အမြည်းက ကုန်သွားပြီး ပန်းကန်မှာ
ဇွန်းတောင် မတွေ့တော့ဘူး ကိုယ့်လက်နဲ့ နှိုက်စားထားတာလို့
ပါးစပ်တွေက
ပြန်ပြောတယ် ဒီနားမှာ ဆိတ်တစ်ကောင်
လောက်သာ ရှိရင် သိပ်ကောင်းမှာပဲ
ကိုယ့်သစ်ပင်မှာ အရွက်မတက်အောင်

mgyoe.com

mgyoe.com SAMPLE BOOK


စားခိုင်းလိုက်မယ် ပြီးတော့ မထိမဲ့မြင် ဟန်
နဲ့ ပဲ အဲအဲ ပဲ အဲ ပဲ ဆိုတဲ့ အကောင်လေ မဆလာနံ့တွေ သင်း
တယ်ဗျာ မင်းကို သတိရတယ်
လယ်ထဲမှာ စာခြောက်ရုပ်က ငှက်ကို သတိရသလိုမျိုး ဗျိုင်းက
ငါးကို သတိရသလိုမျိုး ငါးကတော့ မင်းကို သတိရမှာ
ပေါ့ ကိုယ်မှ မချက်တတ်ဘဲ အနှစ် ဟင်းတွေ
လည်း နွေးပြီးပြီ ဆိုင်မှာ အဆင်သင့်
မင်း စားချင်တာ မှာလိုက်လေ ကိုယ် လက်နဲ့
စားမယ် သေစင်ဘက် ထလာတော့ မင်းကို တွေ့တယ် မင်း
မကြိုက်တဲ့ အစာတွေ
မှာစားနေကြတာ ကိုယ်တော့ မြည်းဖို့ လှည့်စောင်
မကြည့်တော့ဘူး ကိုယ့်ရဲ့ မြင်း
ကြီးက ကြိုးလွတ်လို့ ပြန်ချည်နေရသေးတယ် ခုံကို ဘေးဘက်
နည်းနည်း ဆွဲပြီး
ထိုင်ချလိုက်တော့ မင်း မွေးထားတဲ့ ကလေး
တွေက ပေါင်ပေါ် ခုန်တက်ကြတယ်
နည်းနည်းလောက် ဖယ်စမ်းပါ မင်းကို ကိုယ် မမြင်ရဘူး ဟော့
သူ့ဖို့ ချန်ထားဦးလေ အရိုးတွေကို ငါ့ဆီ ထွေးမထုတ်နဲ့
လက်သုတ်ပဝါ မကျန် သူတို့ စားပစ်
ကြတယ် ကဲ ကိုယ်လည်း နှစ်အတော်ကြာ
ကြာ ထွက်ပြေးရတာပေါ့ ဒီမျောက်တွေ
လူဖြစ်လာတဲ့အထိ စောင့်ကြည့်နေရတာပေါ့ မင်းကလည်း
လူအဖြစ် ပြန်ရောက်
လာပြီး မှန်ပေါင်ကြီးထဲမှာ ပြုံးတုံ့တုံ့နဲ့
ကိုယ်တော့ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ရင်း ကောက်ရိုးနွယ်တွေနဲ့
ခြစည်းရိုးပေါ် ပြိုင်တက်နေရပြန်ပြီ
အသက် ကြီးမလာအောင်ပေါ့ ချစ်တတ်ဖို့ပေါ့။ ။

mgyoe.com

SAMPLE BOOK

## အနုပညာရဲ့လှောင်အိမ်

သီချင်း တွန့်လိပ် ရုပ်ရှင် ဆားချိတ်
ကဗျာ စိမ့်ယို ပန်းချီ ငိုသံတဲ့
အို ….ဘာတွေလဲ
နံ မော တ သ။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## လပေါ် ခြေချခြင်း

ဥသြငှက်ကလေးကိုတောင်
ကိုယ် လိုက်မမီခဲ့ဘူး။

ထီးမဲ့ ဖိနပ်မဲ့ ပါပဲ
အိမ်ဟောင်းလေးရှေ့က လမ်းပေါ်။

တစ်ခါတစ်ရံ
သူ ရမ်းပြောတာ မှန်သွားတာပဲ။

အဝတ်အစား အဆန်းအပြားတွေလည်း
သိပ်ခေတ်မစားတော့တဲ့ ခေတ်လေ။

တနင်္ဂနွေနဲ့ စနေလည်း
တစ်ပတ်လောက် ခြားပါတယ်
ကျောခိုင်းလျက်ပဲ။

အဲဒီ လိပ်စာအတိုင်း သွားရင်
လပေါ်ကို ရောက်ပါတယ်။ ။

mgyoe.com

SAMPLE BOOK


## ဟင်းလင်းပြင်

လက်ကြားမှာ စီးကရက်က ထပ်ပျံပြီးစ
မနက်ဖြန်က လက်ကျန်ပဲ ရမယ်လို့
ပိုးတုံးလုံးဘဝက လိပ်ပြာဆီ
လမ်းခွတ်မီးတိုင်နဲ့ နံနက်ခင်းကို ချိတ်ဆက်အပြီး
ဆက်ရန် ရှိသေးသည်များသို့။

ဒီလိုဆိုမှာဖြင့်
တစ်စ တစ်စနဲ့ တစပြင်ဆန်ဆန်
စာမျက်နှာတွေ ပြတင်းပေါက်တွေ
မြေအောက်ဘူတာတွေ ရေခဲခေတ်
ပိရိမစ်တွေ သီအိုရီတွေ ဈေးနှုန်းတွေ
နှလုံးသားပေါ် လက်တင်ထားမိတယ်။

ရှင်နေတုန်း သေကြည့်ရတာလည်း
တိတ်ဆိတ်မှုက
ရုပ်ရှင်ထဲမှာထက် လပ်ဟာတယ်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## သဲနာရီ

အဖြူနဲ့ အမည်း
နှစ်ရောင်တည်းနဲ့သာ
ကုန်ဆုံး လွန်မြောက်ခဲ့သမျှကို
ပြန်ကြည့်နေမိချိန်။

တိမ်တွေလို ပြေးရင်း ပြယ်မလား
ရေတွေလို စီးရင်း ကျယ်မလား
ပင်လယ်က လှိုင်းနဲ့ အကြောင်းကြားပါတယ်။

တမြည့်မြည့် အသံငြိမ်သွားတဲ့
နေဝင်ချိန်ရဲ့ ကမ်းတစ်ဖက်မှာ
အရွယ်ရောက်သော လူတစ်ယောက်ရဲ့
သဲနဲ့ဆောက်သော ညများမှ။ ။

mgyoe.com

m g y o e . c o m

SAMPLE BOOK


## စိတ်နဲ့ကူးသူ

အကြည့်တွေက ထူထပ်
ကားလမ်းကို ဖြတ်ကူးဖို့ ကျပ်နေပြီလား
ကိုယ်တို့ဟာ ဘယ်တော့မှ မထူခဲ့
ပန်းခြံက မြက်ခင်းမှာ ကပ်လျက်
ရထားမလာတဲ့ ဘူတာမှာ ကပ်လျက်
ဒါနဲ့များ ပေးသနားတော် မမူဘူး ဆိုမြဲ။

တစ်ခါလာလည်း ကံစမ်းမဲများနဲ့ ရှုံးနိမ့်မှု
အတုအယောင်လို ဟောင်ဖွာ ဟောင်ဖွာ
ခါးနာရ သွားကျိုးရ အမှန်တရားလို့ ယူဆရ
ခြောက်ပြစ်ကင်း နေလိုက်ကြ။

ဒီမှာ စာနာမှု အချင်းဝက်နဲ့ စက်ဝိုင်းအပြင်ဘက်မှာ ယိုင်နဲ့
သူ့ထံ ထပ်ပြီး ဖွဲ့နွဲ့ပေးဖို့
ပလက်ဖောင်းတွေ ပျက်နေတယ် မြင်မှ

မတော်တဆ တဲ့
ဆွဲငင်မှုရန့်
တံတားပေါ်က ဖြတ်မလျှောက်ခင်။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## နာမကျန်းခြင်း

တိတ်ဆိတ်တဲ့ သစ်ရွက်တွေရယ်
လေမတိုက်လို့ နှုတ်ဆိတ်နေတဲ့ နွေညရယ်
သစ်ကိုင်းမှာ လာတင်နေတဲ့
လမ်းမီးရောင်ရယ် အခန်းဝမှာ

ယောင်ချာချာဖြစ်နေတဲ့ လူရယ်
သူ ရောက်နေတာ ပူနွေးစွတ်စိုဒေသ

စာရေးစားပွဲပေါ်မှာ စာလုံးတွေက စိုရွှဲလို့
စကားလုံး အဓိပ္ပာယ်တွေက အက်ရှလို့
စာမျက်နှာတွေက လူခြေတိတ်လို့

ဖန်ခွက်ထဲက အရည်ကို
နာရီလက်တံတွေက ငုံ့သောက်
အချိန်တွေက ခွက်ကိုမှောက်ပြီး ထွက်ပြေးသွားတဲ့နောက်ကို
တစ်ခုခု ဖျားနာနေသူ လူတစ်ယောက်က
လိုက်လို့။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## လေဝင်ပေါက်

ရေးလို့ မရသေးတဲ့ ကဗျာတစ်ပုဒ်နဲ့
ဖတ်လို့ မပြီးသေးတဲ့ စာအုပ်က
မြို့ကို လှန်ပြတယ်။

စာမျက်နှာတွေထဲမှာ
ပိတောက်ပန်း ပါမှာလား
ကြောင်မနက်ပြာ လာမှာလား။

တချို့ကို မှိုချိုးမှျစ်ချိုး
တချို့က သွားကြားထိုးလို့။

သွေးတိုးစမ်းတာလား
သွေးပေါင်ချိန်တာလား။

ရောက်ချင်ရာ ရောက်နေတဲ့ စိတ်တွေက
ထွက်ပေါက် လိုသေးလို့လား။

လေပွေမှာ
အမှိုက်က နွံနစ်သတဲ့
ဩော် ... ဖြစ်ရလေခြင်းများ။ ။

mgyoe.com

mgyoe.com SAMPLE BOOK


## အိမ်အပြန်လမ်းများ

အိမ်မပြန်ရသေးတဲ့ ယာဉ်တစ်စီးထဲမှာ
သေနေတဲ့ စက်က အငွေ့ထွက်လို့

အငွေ့တွေက တစ် နှစ် သုံး လေး
ကကြီး ခခွေး ဃကြီး ဂငယ်
အက္ခရာတွေကို ဂဏန်းပေါင်းစက်လို
အမြန်အဆန် ပေါင်းရင်း ထောင်းထောင်းထ စာကြောင်းရေးလို့
(ပြန်လာနေကြောင်း)

ကားဦးခေါင်းဟာ ဆာလောင်စွာ ပွင့်လို့

လမ်းတွေကလည်း တောင်တက်လမ်းတွေချည်း
ရှုခင်းတွေက ရှုမောမဆုံးတွေချည်း

ဒီအနီးအနားမှာ ရေ မရှိဘူးလား
အင်ဂျင်က ရေငတ်လို့
အဖျားတက်လို့ နှာစေးလို့။ ။

mgyoe.com

mgyoe.com
SAMPLE BOOK


## နေရာဟောင်း၌ မျှသိပ်ခြင်း

လက်ဖက်ရည်ဆိုင် စားပွဲပေါ်
တိမ်တွေ မှောက်ကျတဲ့နေ့က
တို့ ပါးစပ်တွေပိတ်ပြီး
ငြင်းခုံနေကြတာ
တစ်ရာသီလုံးလိုလို
တစ်သက်စာပဲ။

အခု ပြန်သွားတော့
အဲဒီနေရာမှာ
သစ်ရွက်ကြွေတွေ ခုန်ဆင်း
ကျင်းတွေတောင် ဖြစ်နေတယ်။

တို့ စကားလုံးတွေလည်း
ကျင်းထဲမှာပဲ
ရှိမယ်။ ။

mgyoe.com